www.burmeseclassic.com



အား ကြည့်လိုက်ပြီး ကြံ့လင်းဘက်သို့ လှည့်ကာ ...

"တစ်ယောက်က အရှေ့ဘက်ကိုပြေးတယ်၊ နောက် တစ်ယောက်က မြောက်ဘက်ကိုပြေးတယ်၊ မင်း လိုက်သွားစမ်း"

ဟု ပြောလိုက်ရာ ကြံ့လင်းက ...

"ကောင်းပါပြီ ဘိုးဘိုး"

စကားဆုံးသည်နှင့် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

သိုင်းသမားနှစ်ယောက်သည် မြေကွက်လပ်ကိုရောက်လျှင် ...

'ခွမ်း ... ခွမ်း'

ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

အဘိုးအိုက သူတို့နှစ်ယောက်အား ငေးကြည့်လိုက်ပြီးလျှင်

"မင်းတို့က ဘာသဘောလဲ"

ဟု ငေါက်လိုက်လေသည်။

သိုင်းသမားနှစ်ယောက်အနက် တစ်ယောက်က ...

"သွေးမြေခွေး ... ခင်ဗျားဟာ သိုင်းလောက,က ပျောက်ကွယ်သွားတာ နှစ်ပေါင်းအတော်ကြာနေပြီ၊ ခုမှ ခင်ဗျားရဲ့ခြေရာ



လက်ရာတွေ ပြန်ပေါ်လာတာကြောင့် ကျုပ်တို့ လိုက်ပြီးစုံစမ်းနေကြတာ၊ ခုတော့ ခင်ဗျားဟာ ကြိုင်ရွှေပြားအတွက် သိုင်းလောကထဲ ပြန်ဝင်လာပြီဆိုတာ သိရပြီ"

ဟု ပြောလိုက်လေသည်။

ကျန်တစ်ယောက်က ...

"သွေးမြေခွေး ... ခင်ဗျားကြောင့် တစ်ချိန်တုန်းက သိုင်းလောကသား အတော်များများ ဒုက္ခရောက်ခဲ့ရပြီးပြီ၊ ဒီတစ်ခါတော့ သိုင်းလောကသားတွေဟာ ခင်ဗျားလုပ်သမျှ ခေါင်းငုံ့ခံနေကြမှာ မဟုတ်တော့ဘူး၊ အားလုံး စုပေါင်းပြီး ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်ကြမှာပါ"

ဟု ပြောလိုက်လေသည်။

"ဟား ဟား ဟား"

အဘိုးအိုက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည် လိုဏ်ခေါင်းသံပေါက်နေပြီး ကြားရသောအခါ နားအူသွားသည်ဟု ခံစားလိုက်ရလေသည်။

ကျင်းစန်းက အသက်အောင့်ထားသလို လက်ဝါးဖြင့် နားနှစ်ဖက်ကို ပိတ်ထားလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားနှစ်ယောက် အကြောက်ကြီး ကြောက်ရွံ့နေကြပြီ ဖြစ်ပါသည်။

သူတို့သည် အော်ဟစ်ညည်းတွားရင်း တောင်းပန်တိုးလျှိုးလိုက်ကြလေသည်။

"ကျုပ် ကျုပ်ကို မသတ်ပါနဲ့"

"ကျုပ်တို့ကို ချမ်းသာပေးပါဗျာ"

အဘိုးအိုက ...

"နေပါဦး ... သွေးမြေခွေးနဲ့ တွေ့တဲ့လူဟာ ဘယ်တုန်းကများ အသက်ရှင်ဖူးလို့လဲ"

ဟု ပြောလိုက်သည်။

ထို့နောက် သိုင်းသမားနှစ်ယောက်၏ဦးခေါင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"အား"

"အောင်မလေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

သိုင်းသမားနှစ်ယောက်စလုံး ထိပ်ပေါက်ခေါင်းကွဲဖြစ်ကာ သွေးခြင်းခြင်းနီရဲသွားပြီး အသက်ပျောက်သွားကြလေတော့သည်။



အဘိုးအိုနှင့် ရင်ဆိုင်လိုက်သည့် သိုင်းသမားနှစ်ယောက်မှာ ကံဆိုးသွားကြပြီဖြစ်သည်။

ထွက်ပြေးသွားကြသော သိုင်းသမားနှစ်ယောက်၏ အခြေအနေမှာ မည်သို့ ရှိမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှောင်က လာမကြို့ဖြစ်ပုံကို သားဖြစ်သူအား ရှင်းပြ၏။

ကျောင်းစန်းက ...

"ကျွန်တော်လည်း အိမ်ပြန်ခွင့်ကြုံဦးမယ်လို့ မထင်မိခဲ့ပါဘူး၊ ဆရာက ခွင့်ပြုလိုက်လို့ပါ ဖေဖေ"

ကျောင်းရှောင်က ...

"ရှောင်ကောင်းက ဒီလိုခွင့်ပြုလိုက်တယ်ဆိုတာဟာ သူ့ရဲ့ ပညာ သုံးပုံနှစ်ပုံကို သားရသွားလို့ပဲ ဖြစ်မယ်၊ ဒါ သူ့ရဲ့ထုံးစံလေ၊ သူ့ဆီကို သိုင်းပညာ လာသင်တဲ့ တပည့်တွေကို သိုင်းပညာ သုံးပုံနှစ်ပုံ သင်ပေးပြီး အတွေ့အကြုံ ဗဟုသုတ ရှာဖွေဖို့ သိုင်းလောကထဲကို သုံးနှစ်စေလွှတ်တတ်တယ်"

ကျောင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော့်ကိုလည်း အတွေ့အကြုံ ဗဟုသုတရှာဖွေပြီး သုံးနှစ်ကြာတဲ့အခါမှ သူ့ဆီကိုပြန်လာဖို့ မှာလိုက်ပါတယ်"

ကျောင်းရှောင်က ...

"ရှောင်ကောင်းရဲ့စည်းကမ်းအတိုင်း လိုက်နာနိုင်အောင်



သား ကြိုးစားပေတော့၊ ဒါမှ သူ့ရဲ့ မိုးကြိုးလက်ဝါးသိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူခွင့်ရမှာ"

ဖခင်၏စကားကြောင့် ကျောင်းစန်း မျက်မှောင်ကြုတ်သွား၏။

အကြောင်းကား ... ရှောင်ကောင်းထံမှသိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူရရှိရန် မလွယ်သည့် သဘောပါဝင်နေခြင်းကြောင့် ဖြစ်လေသည်။

"ဖေဖေ ... ဆရာ့ဆီက သိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်လို့မရနိုင်ဘူးဆိုတဲ့ သဘောလားဟင်"

အနည်းငယ်စိုးရိမ်သွားဟန်ဖြင့် ကျောင်းစန်းက မေးလိုက်သည်။

ကျောင်းရှောင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဖေဖေသိရသလောက်တော့ ရှောင်ကောင်းဆီမှာ တပည့်ခံယူခဲ့သူတွေဟာ ပညာတစ်ပိုင်းတစ်စနဲ့ပဲ ပြီးပြတ်တယ်လို့ပဲ"

ကျောင်းစန်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

ကျောင်းရှောင် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး လိုက်မယ်မဟုတ်လား"

"ကျွန်တော်"

လီထင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"ညီလေး ... တို့တစ်တွေကို သိုင်းလောကအတွေ့အကြုံ ရှာရမယ်လို့ ဆရာက မှာလိုက်တယ်မဟုတ်လား၊ ညီလေးက အိမ်မှာပဲ နေမယ်ဆိုရင် ဆရာ့စကားကို ဖယ်ရှားသလို ဖြစ်သွားမှာပေါ့"

ဟု ပြောလိုက်၏။

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

"ကျွန်တော်လည်း သိုင်းလောက အတွေ့အကြုံရှာဖို့ စဉ်းစားထားပါတယ်"

"ဒါဖြင့် ကျုပ်တို့သွားရအောင်"

"ကျွန်တော်"

"ညီလေး ဘာတွေ စဉ်းစားနေတာလဲ"

ကျင်းစန်းက ...

"ကျွန်တော့်ဖေဖေ ခရီးထွက်သွားပါတယ်၊ ဖေဖေ အိမ်ကို ပြန်ရောက်လာမှပဲ သိုင်းလောကထဲ ဆင်းမယ်လို့ စိတ်ကူးထားတာ ပါ၊ ခုတော့"



လီထင်းက ...

"ညီလေးရဲ့အဖေက ဘယ်တော့ပြန်လာမလဲ"

ကျင်းစန်းက ...

"ဖေဖေ ဘယ်တော့ပြန်လာမလဲဆိုတာတော့ မသေချာဘူး အစ်ကိုကြီး"

"ထိုက်ကျူးပြိုင်ပွဲက နောက်သုံးရက်နေရင် စတော့မှာ ... ညီလေးရဲ့အဖေကို စောင့်နေရင် မီမယ်မထင်ဘူး"

ကျင်းစန်းက ...

"ကောင်းပြီလေ ... ကျွန်တော်တို့ သွားကြတာပေါ့"

လီထင်း ဝမ်းသာသွားလေသည်။

"ညီလေး လိုက်မယ်မဟုတ်လား၊ ဝမ်းသာလိုက်တာ၊ ကျုပ်တို့ ဒီကနေ့ပဲ သွားကြရအောင်"

ကျင်းစန်းက ...

"ကျွန်တော် ခရီးထွက်ဖို့ ပြင်ဆင်လိုက်မယ်"

"ကောင်းပြီ ညီလေး"

ကျင်းစန်းသည် လူယုံတော်ယန်ဝေကိုခေါ်ကာ သူ ခရီးထွက်မည့်အကြောင်း၊ ထိုက်ကျူးမြို့မှ သိုင်းပြိုင်ပွဲအား သွားကြည့်

www.burmeseclassic.com

